

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်

# ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အရေး ဌာနေတိုင်းရင်းသားတို့၏ အနာဂတ်

Published by
Asia Indigenous Peoples Pact (AIPP)

AIPP

Promotion Of Indigenous and Nature Together

Copyright © AIPP 2014

**ကမ္ဘာပေါ်တွင် ဌာနေတိုင်းရင်းသားလူဦးရေမှာ အနည်းဆုံး သန်းပေါင်း ၃၅၀ ခန့်ရှိပြီး ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၄ါးရာခိုင်နှုန်းရှိပါသည်။ သို့သော် ကမ္ဘာ့ဆင်းရဲသားများထဲမှ အဆင်းရဲဆုံး ၁၅ ရာခိုင်နှုန်းမှာ ဌာနေတိုင်းရင်းသားများအထဲတွင် ရှိနေပါသည်။**

ဌာနေတိုင်းရင်းသားအများစု(သုံးပုံနှစ်ပုံ)သည် အာရှတိုက်တွင် မှီတင်းနေထိုင်ကြသည်မှန်သော်လည်း တန်းတူအခွင့်အရေးရရှိသော တိုင်းရင်းသားများအဖြစ် တရားဝင်အသိအမှတ်ပြုခြင်းမခံရဘဲ ဆက်လက်ဖိနှိပ်ခံနေရပြီး နင်းပြားဘဝတွင်သာ ရှိနေပါသည်။ ဌာနေတိုင်းရင်းသားများသည် စာတတ်မြောက်မှုနှုန်း အနိမ့်ဆုံး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြားသော လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို ရရှိမှုနှုန်း အနိမ့်ဆုံးဟုလည်း သတ်မှတ်ခံထားရပါသည်။ ထိုသို့ ဖြစ်နေရခြင်းအကြောင်းရင်းများထဲတွင် ယခုတိုင် ဆက်လက်ပိုင်ဆိုင်မှုမဲ့နေရခြင်း၊ ၎င်းတို့၏ မြေယာနှင့် အရင်းအမြစ်များကို ဖျက်ဆီးခံရခြင်းနှင့် အနိုင်ကျင့်စီးနင်းခံရခြင်း၊ အခြေခံကျပြီး သင့်တော်ဆီလျော်သော လူမှုရေးဆိုင်ရာဝန်ဆောင်မှုများကို ရရှိမှုမရှိခြင်း၊ စနစ်တကျ အကွက်ဆင် ဖိနှိပ်ခြင်းစသည့် အမျိုးမျိုးသော ဌာနေတိုင်းရင်းသားများ၏ အခြေခံအခွင့်အရေးများချိုးဖောက်ခံရမှုများကြောင့် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ဌာနေတိုင်းရင်းသားများသည် သဘာဝတရားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရိုးရှင်းပြီး ရေရှည်တည်တံ့သော နေမှုထိုင်မှုပုံစံနှင့် တန်ဖိုးထားမှုများအားဖြင့် စားနပ်ရိက္ခာဖူလုံနေမှုအပါအဝင် သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့အားဖြင့်လည်း ကမ္ဘာကြီးအတွက် ထည့်ဝင်လှူဒါန်းသူများ ဖြစ်နေပါသည်။ **သို့သော်လည်း လက်ရှိအစိုးရများနှင့် ညှိနှိုင်းလုပ်ဆောင်လျက်ရှိသော လူတိုင်းအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်(ကုလသမဂ္ဂ၏ ၂၀၁၅ အလွန် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်များ) များချမှတ်ရာတွင်လည်း ဌာနေတိုင်းရင်းသားများကို မသိကျိုးကျွန်ပြုထားသကဲ့သို့ ဖြစ်နေပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးသို့ ချီတက်သွားရာတွင် မရှိမဖြစ် မိတ်ဆက်များဖြစ်သည့် ဌာနေတိုင်းရင်းသားများ၏ အမြင်များ၊ အခွင့်အရေးများကို နားလည်ဖို့ လေးစားဖို့ အရေးအလွန်ကြီးပါသည်။**

**ဘာသာပြန်ဆိုသူ – ဆရာ စောနဲတာလင်း**
**စီစဉ်သူ – ဗွိုဝ့် ( ရိုးရာဝန်းကျင် မြှင့်တင်ရေးအဖွဲ့)**


ယခုစာအုပ် ထုတ်ဝေမှုကို SIDA-Swedish International Development Corporation Agency မှ ထောက်ပံ့ကူညီပါသည်။

Sida
SWEDISH INTERNATIONAL DEVELOPMENT
COOPERATION AGENCY


AIPP အနေဖြင့် စဉ်ဆက်မပြတ် အလှူရှင်များဖြစ်သည့် - the International Work Group for Indigenous Affairs (IWGIA), Tamalpais Trust and OXFAM- Australia တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

**Editor: Joan Carling**
**Script: Alex Boyesen**

**Production: Digital Mixes**
Tanasawan Wannothai
Jatuporn Kawsamare
Somkid Jaisea
Sunida Nisaphanant



**Disclaimer: The contents of this comic book are the sole responsibility of Asia Indigenous Peoples Pact (AIPP) and can under no circumstances be regarded as reflecting the position of any donor mentioned above.**




ခြေဘ်ရရှင်မရေ၊ မနေ့ညက အစည်းအဝေးနဲ့ ပတ်သက်ပြီး နင်တို့ ဘယ်လိုစဉ်းစားမိကြသလဲ။
ကျွန်မအနေနဲ့တော့ အံ့အား သင့်သွားတာအမှန်ပဲရှင်။
ဘာဖြစ်လို့များ ကျွန်မတို့ကို ပြောင်းလဲချင်ကြတာလဲမသိဘူး။ ကျွန်မတို့နေပုံထိုင်ပုံက ဘာအမှားများရှိနေလို့လဲရှင်။
ကျုပ်အထင်တော့ သူတို့က ကျုပ်တို့ကို တစ်ပုံစံတည်းဖြစ်စေချင်ကြတာ။
ကျုပ်တို့အားလုံး တစ်ပုံစံတည်းဖြစ်နေရင် သူတို့ညွှန်ကြားဖို့ လွယ်ကူသွားမှာလေ။
ဒါပေမယ့်ရှင်. . . ကျွန်မတို့ရဲ့အနေအထားတွေ မပြောင်းလဲဘဲနဲ့လည်း အများသူငှာနဲ့ အတူ ယှဉ်တွဲနေထိုင်လို့ ရနေတာပဲမဟုတ်လား။



ကျုပ်တို့က ပြဿနာလုပ်နေလို့လဲမဟုတ်ဘဲလို ကျုပ်တို့ကိုယ်တိုင် ကိုယ့်ပြဿနာကို ဖြေရှင်းလို့မရတဲ့အနေအထားမျိုးလည်း ရှိမနေပါဘူး။
ဒါပေမယ့် သူတို့ပြောတာက ကျွန်မတို့အတွက် ကျောင်း ဆောက်ပေးမယ်၊ လျှပ်စစ်မီးရအောင်လုပ်ပေးမယ်၊ ဆေးပေးခန်းတွေ ဆောက်ပေးမယ်ဆိုတာကကော. . .။
ဒါကလည်း ကျုပ်တို့သစ်တောတွေမှာ သူတို့ကို ဆီအုန်းစိုက်ခွင့်ပေးမှ လုပ်ပေးမှာကို ပြောတာပါ။
ဒါဆိုရင် ကျွန်မတို့သစ်တောတွေမှာ ဘာတွေဖြစ်ကုန်မလဲနော်။
ကျွန်မအနေနဲ့တော့ အသေအချာမသိတော့ပါဘူး။ အများကြီးတော့ ဆုံးရှုံးမယ်တော့ထင်တာပါပဲ။ သူတို့က ကျွန်မ တို့အတွက် ဘာအခွင့်အရေးကို အမှန်တကယ်ပေးမှာလဲ။


ခေတ်မီတဲ့ကမ္ဘာနဲ့ အဆက်အသွယ် ရမယ့်အခွင့်အရေးပေါ့။
အဲ့ဒါက ဘာအဓိပ္ပာယ်လဲ။
ကျုပ်တို့ရွာတွေမှာ ကျောင်းတွေရမယ်။ ရွာတွေမှာ မီးလင်းမယ်ဆိုတာမျိုးပေါ့။
အဲဒါတွေရဖို့က ကျွန်မတို့ရဲ့မူလ အခွင့်အရေးပဲ မဟုတ်လား။
အဲဒီအရာတွေအားလုံးက ပြည်သူအားလုံးကို ဂတိပေးထားတဲ့အရာပဲ မဟုတ်လား။
ကျွန်မကလေးတွေကို ပညာတတ်ဖြစ်စေချင်တယ်။
ကျွန်မညီမတွေ ကိုယ်ဝန်ဆောင်တဲ့အခါမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ ရချင်တယ်။
သို့သော် ကျွန်မက ဌာနေတိုင်းရင်းသားအမျိုးသမီးတစ်ယောက်ပဲ ဖြစ်နေလိမ့်မယ်။


အဲဒါက ကျွန်မရဲ့
ဖြစ်တည်မှုပဲ။
ဒို့ရွာထဲမှာ ငါးကို အခြေခံပြီး လုပ်စားကိုင်စားသူတွေ
အများကြီးရှိတယ်ဆိုတာ နင်သိတယ်မဟုတ်လား။
ဆီအုန်းစိုက်မဲ့အစား ငါတို့တွေ ဝါးပဲစိုက်သင့်တယ်။
ကျွန်မတို့ အသက်မွေးဝမ်းကျောင်းအတွက်လည်း အဆင်ပြေမယ်။
သစ်တောသဘာဝကိုလည်း ထိန်းသိမ်းပြီးသားဖြစ်မယ်။
ကျွန်မက ဒီသစ်တောအကြောင်းကိုပဲ
စဉ်းစားနေခဲ့တာ။


ဟိုးကလေးဘဝကတည်းက ကျွန်မအမေနဲ့အတူ ဒီသစ်တောကြီးထဲမှာ နေ့တိုင်း ဟင်းစားရှာထွက်ခဲ့ကြတယ်။
ကလေးဘဝကစပြီး ဒီသစ်တောကြီးထဲမှာပဲ သင်ယူလေ့လာခဲ့တာ။
စားလို့ရတဲ့ အပင်တွေ အကြောင်း သင်ယူခဲ့ရတယ်။
မီးပုံဘေးမှာ လူကြီးသူမတွေ ပြောခဲ့တဲ့ ပုံပြင်လေးတွေ အကြောင်းကို စဉ်းစားနေတာ ကြည်နူးစရာပဲ။
နေမကောင်းရင် စားသုံးလို့ ရတဲ့ ဆေးဘက်ဝင်တဲ့အပင် အကြောင်းတွေ သင်ခဲ့ရတယ်။
ဒီသစ်တောကြီးကို ဘယ်လိုလေးစားကြည်ညိုခဲ့ကြတဲ့အကြောင်း၊ ရှေးဘိုးဘေးတွေကို ဘယ်လိုအရိုအသေပေးခဲ့တဲ့အကြောင်းတွေ အဲဒီမှာ သိခဲ့ရတာ. . .။
အဲဒီအသိတရားတွေအားလုံး ကျုပ်တို့မှာ မရှိတော့ဘူး ဆိုရင် ဘာတွေဖြစ်လာမလဲမသိဘူးနော်. . .။


ကျုပ်လည်း ကျုပ်အဖေနဲ့ တောတိုးခဲ့တဲ့
အကြောင်းကို အရမ်းသတိရတယ်ဗျာ. . .။
ကျုပ်လည်း ဘယ်လိုအမဲလိုက်ရမလဲ၊ ထောင်ချောက်တွေ
ဘယ်လိုဆင်မလဲ သင်ခဲ့ရသဗျာ. . .။
သစ်တောကို မဖျက်ဆီးဘဲ
သဘာဝသစ်တောကြီးနဲ့အတူ
ရှာဖွေစားသောက်ခဲ့တယ်. . .။
ဒီမြေဒီရေ ဒီပတ်ဝန်းကျင်က ကျုပ်တို့ရဲ့ဘဝ၊ ကျုပ်တို့ရဲ့ယဉ်ကျေးမှုကို
ဖော်ကျူးပေးတာပဲ။ ဒီမြေကိုပြောင်းရင် ဒါမှမဟုတ် ကျုပ်တို့ရဲ့ဖြစ်တည်မှုကို
ပြောင်းရင် ကျုပ်တို့တွေဟာ ဘယ်မှာမှ အံဝင်ခွင်ကျ ဖြစ်တော့မှာမဟုတ်ဘူး။
ရှင့်အဖေကြီး. . လမ်းပြလုပ်ခဲ့တဲ့
အချိန်ကို မှတ်မိသေးလား . . .။



အစိုးရဝန်ထမ်းတစ်ယောက်နဲ့ သူ့သားသမီးတွေ
လာကြသေးတယ်လေ . . .။
ကျွန်မတို့တောထဲက ဆေးဘက်ဝင်
အပင်တွေကို လာလေ့လာကြတာလေ . . .။
အဲဒီဝန်ထမ်းရဲ့သားလေးက စခန်းချတဲ့နေရာနဲ့ အဝေးကြီး
နေရာမှာ ကိုယ်တွေပူပြီး နေမကောင်းဖြစ်ခဲ့တယ်လေ . . .။
ရှင့်အဖေပဲ ကဗျာကယာ တဲတစ်လုံးထိုးလိုက်တယ်။
ပြီးတော့ ဆေးတစ်ခွက်စပ်ပေးလိုက်တယ်။
အဲဒီဆေးတစ်ခွက်နဲ့ ကောင်လေးရဲ့အသက်ကို
ကယ်ခဲ့တာပေါ့ . . .။
အဲဒီအချိန်မှာ အဲဒီလို အသိဗဟုသုတသာ မရှိခဲ့ရင်
ဘယ်လွယ်ပါ့မလဲနော် . . .။


မနေ့ည အစည်းအဝေးမှာ သူတို့တွေ ပြောတဲ့ပုံစံအရဆိုရင် သူတို့ရဲ့ဥပဒေက ကျုပ်တို့ကို ပိုကောင်းအောင် ကာကွယ်ပေးနိုင်ပါ့မလား။
သူတို့တွေကတော့ ကမ္ဘာကြီးက ပြောင်းလဲနေတာမို့ ဥပဒေအသစ်တွေ လိုအပ်တယ်လို့ ပြောတာပဲ . . . တော်ရေ။
ကျုပ်တို့ရဲ့ နေပုံထိုင်ပုံတွေ သိပ် ပြောင်းလဲ သေးတာမဟုတ်လေတော့ ဥပဒေအသစ်တွေ လိုလိမ့်မယ်လို့တော့ ကျုပ်တော့ သိပ်မထင်ဘူး . . . ။
ဥပမာ သေူရိန်က ရှားပါးငှက်တွေကို အဲဒီလူအတွက် ဖမ်းပေးပါရစေလို့ ပြောတုန်းကလေ. . . ။
သူတို့ပြသနာက ကျုပ်တို့လိုမဟုတ်တာတော့ ကျွန်မသေချာပြောရဲတယ် . . . ။
အကြောင်းစုံခင်းလိုက်မှ တစ်ရွာလုံးက ခွင့်မပြုနိုင်ဘူးလို့ ပြောတာလေ . . . ။
အဲဒီလို ဆုံးဖြတ်တာကို သေူရိန်ကလည်း လေးစားလိုက်နာခဲ့ပါတယ်။


မြို့က ပြဿနာတွေကတော့ ဒီလိုမျိုး ဘယ်ဟုတ်နိုင်ပါ့မလဲ။ ကျွန်မတို့ဒေသရဲ့ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ကျွန်မတို့ရဲ့အခွင့်အရေးတွေကို ဆုပ်ကိုင်ထားရမယ် . . .။
အဲဒါကတော့ နည်းလမ်း အကျဆုံးပဲ ရှင်မရေ . . .။
အဲဒါမှလည်း ဒီတိုင်းပြည်အတွင်းမှာ တိုင်းရင်းသားပီပီ၊ လူပီပီသသနေနိုင်မှာပေါ့ . . .။
ကျုပ်တို့ ဒီမှာ ဘိုးစဉ်ဘောင်ဆက် နေလာတာလေ . . .။ ဒီမြေက ကျုပ်တို့ရဲ့မြေပဲ . . .။
အမျိုးသမီးတစ်ယောက်အနေနဲ့ ကျွန်မ စကားကိုလည်း နားထောင်ပေးပါဦးရှင် . . .
ကျွန်မမှာလည်း ဆွေးနွေးချင်တာ ရှိပါတယ် . . .။


ကျွန်မတို့ ဘဝတွေကို ဆက်ပြီး ရှင်သန်နေထိုင်ခွင့်ပြုဖို့နဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုလည်း အရိုအသေပြုဖို့ ပြောချင်ပါတယ်။
မနက်ဖြန်အထိ စောင့်ကြည့်ရအောင်။ ရွာလူကြီးက မနေ့ကအစည်းအဝေးနဲ့ ပတ်သက်ပြီး . . .
နောက်တစ်နေ့ . . .
ကျုပ်တို့တွေ ယုံကြည်ပြီး စကားပြောလို့ရနိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အစည်းအဝေးထိုင်ခဲ့တယ်ပြောတာပဲ။
ကျုပ်နာမည် ရန်နိုင်ပါ။ ကျုပ်လည်း ခင်ဗျားတို့လိုပဲ ဒေသခံတိုင်းရင်းသားတစ်ယောက်ပါ . . .။
The rights of indigenous peoples
living in a changing world.


ဒီရွာနဲ့ သိပ်မဝေးတဲ့ ဒေသမှာ ကျွန်တော်ကြီးပြင်းခဲ့ပါတယ်။ ဘိုးဘေးတွေရဲ့ ရာဇဝင်ပုံပြင်တွေကို လေ့လာရင်းနဲ့ပေါ့ . . .။
ကံကောင်းချင်တော့ ကျွန်တော်က တက္ကသိုလ်ကျောင်းမှာ ပညာသင်ခဲ့ရတယ်။ ကျေးလက်ဒေသရဲ့ပြင်ပမှာ ကောင်းတဲ့အရာတွေ အများကြီးရှိတာကို ကျွန်တော်လေ့လာသင်ယူခဲ့၊ မြင်တွေ့ခဲ့ရပါတယ်။
ပြီးတော့ ကျေးလက်ဘဝနဲ့ ကျွန်တော်တို့ရဲ့ ကျေးလက်ယဉ်ကျေးမှုတို့ရဲ့ တန်ဖိုးရှိမှုတွေကိုလည်း သင်ယူခဲ့ရတယ်။ အဲဒီအမွေအနှစ်တွေကို ထိန်းသိမ်းဖို့နဲ့ ကာကွယ်ဖို့ တာဝန်တွေက . . .
ကျွန်တော်တို့ဆီကို ရောက်လာတော့မှာ . . .။
ခေတ်မီကမ္ဘာက ယူလာပေးမယ့်အရာတွေအားလုံး မကောင်းဘူးလို့လည်း ပြောလို့မရနိုင်ပါဘူး။
ဒါပေမယ့် လုပ်ချင်သလို လုပ်နေကြတဲ့ သူတို့တွေကို ဘယ်လိုတားဆီးရမလဲ . . .။
ဟုတ်တယ် . . .။ သူတို့က အင်နဲ့ အားနဲ့ ၊ ကျုပ်တို့က လူနည်းစုဗျ . . .။
ကျုပ်တို့ရဲ့မြေတွေ၊ ယဉ်ကျေးမှုတွေနဲ့ အသိတရားဗဟုသုတတွေ ဖျက်ဆီးခံနေရတာကို ဒီအတိုင်း ကြည့်ပြီး ထိုင်စောင့်မနေနိုင်ဘူး . . .။
ဌာနေတိုင်းရင်းသားအနေနဲ့ ကျွန်တော်တို့မှာ အခွင့်အရေးတွေ ရှိပါတယ်။


ကျုပ်တို့ရဲ့အခွင့်အရေးတွေခိုင်မာဖို့အတွက် ၂၅ နှစ်ကျော်ကြာအောင် ဌာနေတိုင်းရင်းသားတွေက အစိုးရတွေကို စည်းရုံးဆော်သြခဲ့ကြတယ်။
နောက်ဆုံးတော့ ၂၀၀၇ ခုနှစ်မှာ ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကြေညာစာတမ်းဆိုတာ ပေါ်ပေါက်လာတော့တာပါပဲ။
ကျုပ်တို့ရဲ့အခွင့်အရေးတွေကို လေးစားဖို့၊ ကာကွယ်ပေးဖို့နဲ့ ဖြည့်ဆည်းပေးဖို့၊ အများသူငှာနဲ့ တန်းတူဖြစ်ဖို့ နိုင်ငံအစိုးရတွေကို အဲဒီ ကြေညာချက်က တာဝန်ပေးလိုက်သလိုပါပဲ . . .။
'United Nations Declaration of the Rights of Indigenous peoples'
UNDRIP
Rights to our land, territories and resources, to self determination and to our cultural integrity.
ကျုပ်တို့ရဲ့ယဉ်ကျေးမှုတွေကို ကာကွယ်ဖို့၊ ကျုပ်တို့ဘဝတွေကို ကိုယ်တိုင်ပြဌာန်းထိန်းကျောင်းဖို့ အဲဒီကြေညာစာတမ်းက အခိုင်အမာ ပြောဆိုပေးခဲ့ပါတယ်။
သေချာ နားထောင်ပါ ခင်ဗျာ. . .။
ဆီလျော်သင့်တော်တဲ့ ပညာရေးရဖို့၊ တခြား တိုင်းသူပြည်သားတွေကို ပေးနေတဲ့ ထောက်ပံ့မှုတွေကို ရရှိဖို့ ကျွန်တော်တို့မှာ အခွင့်အရေးရှိတယ်လို့ အဲဒီကြေညာစာတမ်းမှာ ပါတယ်. . .။


ဒါကြောင့် ဌာနေတိုင်းရင်းသားဖြစ်လို့ အဖိနှိပ်ခံစရာလည်းမလိုဘူး။ ဘိုးဘေး တွေရဲ့မြေပေါ်မှာ နေထိုင်ဖို့ ကျွန်တော်တို့မှာ အခွင့်အရေးရှိပြီးသားပဲ . . .။
ဒါဆိုရင် ကျွန်မတို့ မှီခိုနေတဲ့ ဒီတောဒီတောင်၊ ကျွန်မ တို့ကာကွယ်ထားတဲ့ ဒီသစ်တောတွေကို သူတို့သိမ်းလို့ မရဘူး ဆိုတဲ့သဘောမဟုတ်လား . . .။
ကျွန်မတို့ အစဉ်အဆက် နေထိုင်လုပ်ကိုင်စားသောက်ခဲ့သလိုမျိုး ဒီမြေဒီရေမှာ ရုန်းကန် လို့ရနေတာပဲ။ ကျွန်မတို့မှာ ရိုးရာဥပဒေတွေရှိပါတယ်။ ကျွန်မတို့နဲ့လည်း ကိုက်ညီမှုရှိ တယ်။ ဒီမြေမှာ ဆက်ပြီးနေထိုင်ရင်း ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်ရှင် . . .။
ဒါဆိုရင် ကျုပ်တို့တွေ ဘယ်လို ရုန်းကန်လှုပ်ရှားရမလဲ ဆိုတာကို သူတို့လာမပြောတော့ဘူး ဆိုတဲ့သဘောလား . . .။
ဟုတ်တယ်. . . လုံးဝလာပြောစရာ အကြောင်းမရှိဘူး။
ထူးခြားကွဲပြားတဲ့ ယဉ်ကျေးမှုကို ပိုင်ဆိုင်ခွင့် ကျွန်တော်တို့မှာ ရှိတယ်လေ. . .။
အဘကတော့ ဌာနေတိုင်းရင်းသားဖြစ်ရတာကို လုံးဝ ဂုဏ်ယူပါတယ်ကွာ . . .။


အဲဒီဂုဏ်သိက္ခာနဲ့ အဘရဲ့ အသိအမြင်ဗဟုသုတတွေကို နောင်လာနောက်သားတွေအတွက် လက်ဆင့်ကမ်းပေးဖို့ အခွင့်အရေးရှိတယ်။ တာဝန်လည်းရှိတယ်။
ကျွန်တော်တို့ရဲ့ ဘဝနဲ့ မြေယာတွေကို ထိခိုက်လာမယ့် ဘယ်စီမံကိန်းကိုမဆို တားပိုင်ခွင့် ရပ်တန့်ပိုင်ခွင့် ကျွန်တော်တို့မှာ ရှိတယ် . . .။
ဒါပေမယ့် အရင်တုန်းက. . .
မြို့က ကုမ္ပဏီကလူတွေ ရွာထဲကိုဝင်လာပြီး ဘာမပြောညာမပြော သူတို့လုပ်ချင်တဲ့အတိုင်း လုပ်သွားကြတာကော ဘယ်လိုပြောမလဲ . . .။


အဲဒါမျိုးကို ကျုပ်တို့ဘယ်လို ရပ်တန့်ကြမလဲ . . .။
အဲဒီ ကြေညာစာတမ်းထဲမှာ. . . အက်(ဖ)ပီအိုင်စီ
FPI
လွတ်လပ်သော ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောတူညီမှုရယူခြင်း ဆိုတဲ့အပိုင်းပါတယ်။
ပြင်ပကလာတဲ့သူတွေ အဘတို့နဲ့ ဘယ်လိုအလုပ်လုပ်ရမလဲဆိုတာကို စည်းမျဉ်းချထားပေးတာ . . .။
FPIC
(Free) (Prior) (Informed) (Consent)


တကယ်လို့ သူတို့အကောင်အထည်ဖော်မယ့် စီမံကိန်းက အဘတို့ရဲ့ လူမှုဘဝ ဒါမှမဟုတ် မြေယာတွေကို ထိခိုက်မယ်ဆိုရင် . . .


အဲဒီစီမံကိန်းအကြောင်းအသေးစိတ်ကို အခမဲ့ ပေးသိရမယ်။


စီမံကိန်းမစတင်ခင်မှာ သူတို့လုပ်ကိုလုပ်ရမှာ ဖြစ်တယ်။ အဘတို့ဘက်က ဆုံးဖြတ်ချက်ချဖို့ အခွင့်အရေး ပေးကိုပေးရမယ် . . .။


ပြီးတော့ သတင်းအချက်အလက်တွေအားလုံးကလည်း အဘတို့ နားလည်တဲ့ ဘာသာစကားနဲ့ပဲ ဖြစ်ရမယ် . . .။


တကယ်လို့ အသေးစိတ် ထပ်သိချင်ရင် . . .


သူတို့အနေနဲ့ အခမဲ့ ပေးကိုပေးရမယ် . . .။


ပြီးမှ ဒေသခံရပ်ရွာအနေနဲ့ စီမံကိန်းကို ဆက်လုပ်ခွင့်ပြု၏၊ မပြု၏ ဒါမှမဟုတ် အခြေအနေတစ်ရပ်ကို ချပြတာမျိုး လုပ်ရမှာဖြစ်တယ် . . .။
နောက်ဆုံး ဆုံးဖြတ်ချက်က. . .
အဲဒါတို့ ဒေသခံဆီကပဲ ဖြစ်ရမယ်။ အဲဒီဆုံးဖြတ်ချက်ကိုလည်း လေးစားရမယ်။
ကမ္ဘာကြီးက ပြောင်းလဲနေတယ်ဆိုတာကို ကျုပ်တို့ သိပါတယ် . . .။


အဲဒီအပြောင်းအလဲကို လက်သင့်ခံရမယ်၊ အခြားသူတွေနဲ့ မိတ်ဖက်ချိတ်ဆက်လုပ်ဆောင်ရမယ်ဆိုတာကိုလည်း ကျုပ်တို့သိပါတယ် . . .။


ဒါပေမယ့် ကျုပ်တို့ရဲ့ ဖြစ်တည်မှုနဲ့ ကျုပ်တို့ တည်ဆောက်ချင်တဲ့ ကိုယ်ပိုင်နည်းဟန်တွေကိုလည်း လေးစားပေးဖို့ လိုပါတယ်။


အနာဂတ်ကို ကျုပ်တို့တွေကပဲ ဆုံးဖြတ်ရမှာပါ။ နောင်အနာဂတ်မျိုးဆက်သစ်အတွက် ကျုပ်တို့ရဲ့ သွေးစည်းညီညာမှုနဲ့
စည်းလုံးမှုတွေကို မြင့်တင့်ပေးရမယ်။ ဌာနေတိုင်းရင်းသားတွေအနေနဲ့ ကိုယ့်ရဲ့အခွင့်အရေးတွေကို ကာကွယ်ရမယ်။
ရှင်သန်နေထိုင်မှုနဲ့ ဖွံ့ဖြိုးရေးတွေအတွက် ခိုင်မာစိတ်ချစေရမယ်။

## တုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းအရ ဖွံ့ဖြိုးရေးနှင့် ဆက်စပ်သည့် စကားရပ်များ

ဌာနေတိုင်းရင်းသားများသည် တရားမျှတမှုမရှိသော သမိုင်းတလျှောက်၏ ရလဒ်ဆိုးများ၊ လူမျိုးစုကြား ပြဿနာများ၊ အရင်းအမြစ်များ၊ ပိုင်ဆိုင်မှုအမွေအနှစ်များနှင့် မြေယာများကို ကိုလိုနီပြုခံရခြင်းနှင့် အဓမ္မသိမ်းခံရခြင်းများနှင့် ကြုံတွေ့ခဲ့ရသူများဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့၏ ကိုယ်ပိုင်စိတ်ဝင်စားမှုနှင့် လိုအပ်ချက်များပေါ်တွင် အခြေခံသော ဖွံ့ဖြိုးတိုးတက်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိစေရန် တားဆီးခြင်းကို ခံရသကဲ့သို့ ဖြစ်နေခဲ့ပါသည်။ (Preambular စာပိုဒ် ၆)

ဌာနေတိုင်းရင်းသားများအနေဖြင့် ၎င်းတို့၏ ဘဝနှင့် မြေယာ၊ အရင်းအမြစ်နှင့် ပိုင်ဆိုင်မှုအမွေအနှစ်များကို ထိခိုက်စေနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းချုပ်နိုင်ခြင်းသည် ယင်းတို့၏ လူမှုအဆောက်အအုံ၊ ယဉ်ကျေးမှုနှင့် ရိုးရာထုံးတမ်းဓလေ့များကို ထိန်းသိမ်းနိုင်ရန်နှင့် အားပေးမြှင့်တင်နိုင်ရန် စွမ်းဆောင်စေနိုင်သည့်သဘောဖြစ်ပါသည်။ ၎င်းတို့၏ ကိုယ်ပိုင်စိတ်ဝင်စားမှုနှင့် လိုအပ်ချက်များပေါ်တွင် အခြေခံသော ဖွံ့ဖြိုးတိုးတက်မှုများကို အားပေးမြှင့်တင်ရာလည်း ရောက်ပါသည်။ (Preambular စာပိုဒ် ၁၀)

ဌာနေတိုင်းရင်းသားတို့၏ အသိပညာဗဟုသုတ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များအား လေးစားယုံကြည်မှုကို အသိအမှတ်ပြုခြင်းသည် ရေရှည်တည်တံ့ပြီး မျှတညီညွတ်သော ဖွံ့ဖြိုးရေးနှင့် နည်းလမ်းမှန်သော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုတို့အတွက် အထောက်အကူဖြစ်စေပါသည်။ (Preambular စာပိုဒ် ၁၁)

**(အပိုဒ် ၃)** ဌာနေတိုင်းရင်းသားတိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိသည်။ ဤအခွင့်အရေးအရ ဌာနေတိုင်းရင်းသားများအနေဖြင့် လွတ်လပ်စွာဖြင့် ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှုတို့အတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိပါသည်။

**(အပိုဒ် ၂၀)** (၁) ဌာနေတိုင်းရင်းသားတိုင်းသည် မိမိတို့၏ စိတ်ချလုံခြုံသော၊ ပျော်ရွှင်နိုင်သော နည်းလမ်းများဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များ(သို့) အဆောက်အအုံများကို ထိန်းသိမ်းခွင့်နှင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခွင့်ရှိသည်။ ထိုနည်းတူ မိမိတို့၏ ဓလေ့ထုံးစံများနှင့် အခြားသော စီးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း လွတ်လပ်စွာ ချိတ်ဆက်လုပ်ဆောင်ခွင့်ရှိသည်။ (၂) ဌာနေတိုင်းရင်းသားတိုင်းသည် ၎င်းတို့ကိုယ်တိုင်က ဖူလုံလောက်ငှမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နည်းလမ်းများကို ပိတ်ပင်ထားခြင်းသည် တရားမျှတသကဲ့သို့ ညီမျှသော ပြန်လည်ပြင်ဆင်မှုတစ်ခုလည်း ဖြစ်ပါသည်။

**(အပိုဒ် ၂၁)** (၁) ဌာနေတိုင်းရင်းသားတိုင်းသည် ဖိနှိပ်ချုပ်ချယ်မှုမပါဘဲ တန်းတူအခွင့်အရေးအပါအဝင် ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် မွမ်းမံသင်တန်းများ၊ နေအိမ်၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုံခြုံမှုများ ရရှိခွင့်ရှိသည်။ (၂) နိုင်ငံတော်အနေဖြင့် ထိရောက်သော တိုင်းတာမှုနည်းလမ်းများဖြင့် သင့်တော်သည့်နေရာတွင် အထူးတိုင်းတာတွက်ချက်ပြီး ဌာနေတိုင်းရင်းသားတို့၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ဆက်လက်တိုးတက်ဖြစ်ထွန်းအောင်မြင်စေရန် အကောင်အထည်ဖော်လုပ်ဆောင်ပေးရမည်။ ဌာနေတိုင်းရင်းသားသက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးများ၊ လူငယ်များနှင့် ခြားနားစွမ်းသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များကို အထူးသဖြင့် ဂရုပြုဖြည့်ဆည်းပေးရမည်။

**(အပိုဒ် ၂၃)** ဌာနေတိုင်းရင်းသားတိုင်းသည် ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အရေးအတွက် ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် ဦးစားပေးမှုများနှင့် မဟာဗျူဟာများကို ကိုယ်တိုင် စဉ်းစားသတ်မှတ်ခြင်းနှင့် ဖော်ထုတ်လုပ်ဆောင်ခြင်းအခွင့်ရှိသည်။ အတိအကျအားဖြင့် ဌာနေတိုင်းရင်းသားများသည် ၎င်းတို့အတွက် လုပ်ဆောင်အကောင်အထည်ဖော်မည့် ကျန်းမာရေး၊ အိမ်ယာနှင့် စီးပွားရေးနှင့် လူမှုရေးစီမံချက်များအတွက် စဉ်းစားသတ်မှတ်ခြင်းနှင့် ဖော်ထုတ်လုပ်ဆောင်ခြင်းဖြစ်စဉ်တို့တွင် တက်ကြွစွာ ပါဝင်ခွင့်ရှိသည်။ ထို့ထက်မက ၎င်းတို့၏ကိုယ်ပိုင်အဖွဲ့အစည်းများအားဖြင့် အဆိုပါ စီမံချက်များကို အုပ်ချုပ်စီမံပိုင်ခွင့်လည်း ရှိသည်။

**(အပိုဒ် ၂၆)** (၁) ဌာနေတိုင်းရင်းသားတိုင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ၎င်းတို့၏ မြေယာများ(သို့) ပိုင်ဆိုင်မှုအမွေအနှစ်များနှင့် အရင်းအမြစ်များ၏ ထုတ်လုပ်မှုစွမ်းရည်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ကာကွယ်ခွင့်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားတို့၏ ထိုသို့သော ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကာကွယ်မှုတို့အတွက် ထောက်ပံ့သည့်စီမံချက်များကို ဖိနှိပ်ချုပ်ချယ်မှုမပါဘဲ ထူထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်သင့်သည်။ (၂) နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားတို့၏ မြေယာ(သို့) အမွေအနှစ်ပိုင်ဆိုင်မှုများပေါ်တွင် ၎င်းတို့၏ လွတ်လပ်စွာ ကြိုတင်တိုင်ပင်အသိပေးမှုမပါဘဲ အဆိပ် အတောက်ဖြစ်စေနိုင်သည့် ဓာတ်ကြွင်းများ သိုလှောင်ခြင်း(သို့) ပုံ့နှံ့ဝင်ရောက်လာခြင်း မဖြစ်ရလေအောင် ထိရောက်သော တိုင်းတာတွက်ချက်မှုများကို ပြုလုပ်ပေးရမည်။ (၃) နိုင်ငံတော်အနေဖြင့် အထက်ပါ လုပ်ရပ်များကြောင့် ထိခိုက်နစ်နာမှုများရှိခဲ့လျှင် ဌာနေတိုင်းရင်းသားတို့၏ ကျန်းမာရေးကို စောင့်ကြည့်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် ပြန်လည်ကုသပေးခြင်းစသည့် စီမံချက်များကို လိုအပ်ပါက ထိရောက်စွာ တိုင်းတာတွက်ချက်ပြီး အကောင်အထည်ဖော်ရမည်။

**(အပိုဒ် ၃၂)** (၁) ဌာနေတိုင်းရင်းသားတိုင်းတွင် ဖွံ့ဖြိုးရေးအတွက် (သို့) မိမိတို့၏ မြေယာ။အမွေအနှစ်ပိုင်ဆိုင်မှုနှင့် အခြားအရင်းအမြစ်များဆိုင်ရာ အသုံးပြုမှုများအတွက် လိုအပ်သော ဦးစားပေးစဉ်းစားမှုများနှင့် မဟာဗျူဟာများ စဉ်းစားသတ်မှတ်ခြင်းနှင့် ဖော်ထုတ်လုပ်ဆောင်ခြင်းအခွင့်ရှိသည်။ (၂) နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သင့်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဖွံ့ဖြိုးရေး၊ သတ္တုတူးဖော်ခြင်း၊ ရေနှင့် အခြားအရင်းအမြစ်များကို အသုံးပြုခြင်းကဲ့သို့သော စီမံကိန်းကြီးများကို မလုပ်ဆောင်ခင်တွင် ဌာနေတိုင်းရင်းသားကိုယ်စားပြုအဖွဲ့အစည်းများမှတဆင့် ပေါ်ထွက်လာသော သဘောထားများကို ထည့်သွင်းစဉ်းစားရမည်။ (၃) နိုင်ငံတော်အနေဖြင့် ထိရောက်သော ယန္တရားများဖြင့် တရားမျှတသော၊ ထိုက်တန်သော လျော်ကြေးများ ပြန်လည်ရရှိအောင် စီမံလုပ်ဆောင်သင့်သည်။ ထိုနည်းတူ ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ထိခိုက်မှုများအတွက်လည်း အလားတူ သဘောတရားများသက်ရောက်သည့် နစ်နာထိခိုက်မှုနည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်ပေးသည့် သင့်တော်သော တိုင်းတာတွက်ချက်များကို လုပ်ဆောင်သင့်သည်။

## ပွိုင့် (ရိုးရာဝန်းကျင် မြှင့်တင်ရေးအဖွဲ့) မှထုတ်ဝေခဲ့သော ပိုစတာနှင့် စာအုပ်များ


























The printing press has been established with support from the European Union's European Instrument for Democracy and Human Rights

European Union

AIPP PRINTING PRESS CO., LTD.

Learn more about Indigenous Peoples Rights at:
www.aippnet.org
www.ccmin.aippnet.org
www.iphrdefenders.net
www.iva.aippnet.org